# လမ်းဆုံက ရွေးကောက်ပွဲများ

## မြန်မာနိုင်ငံ အာဏာသိမ်းမှုဖြစ်စဉ်အလွန် ရွေးကောက်ပွဲဒီဇိုင်းအတွက် ထည့်သွင်းစဉ်းစားသင့်သည့် အချက်များ

*Gilles Saphy နှင့် Michael Lidauer*

၂၀၂၂ခုနှစ် အောက်တိုဘာလ

### တစေ့တစောင်း ကြည့်ရှုခြင်း

ဒီမိုကရေစီတည်ဆောက်ရေး ဆယ်နှစ်တာကာလနှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမူဘောင်အတွင်း ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲ ၃ ကြိမ်ပြီးနောက်တွင် မြန်မာစစ်တပ်သည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ရက်နေ့ အာဏာသိမ်းမှုဖြင့် ထိုဒီမိုကရေစီတည်ဆောက်ရေးကာလအား ဖောက်ထိုးမှောက်ခုန် လုပ်ပစ်လိုက်သည်။ စစ်တပ်ခေါင်းဆောင်ပိုင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC)ဟု ခေါ်သော အုပ်ချုပ်ရေးအဖွဲ့အစည်းတစ်ရပ်ကို တည်ထောင်ကာ ၂၀၂၀ပြည့်နှစ်၊ နိုဝင်ဘာလတွင် ကျင်းပခဲ့သော ရွေးကောက်ပွဲ၌ ရွေးကောက်ပွဲမသမာမှု ရှိသည်ဟူသော ဇာတ်ကြောင်းကို ပြောဆိုပြီး အာဏာသိမ်းလိုက်ခြင်းသည် တရားမျှတ မှန်ကန်ကြောင်း အကြောင်းပြသည်။ ထိုအချိန်ကတည်းကစတင်ပြီး ရွေးကောက်ပွဲရလဒ်များကို ပယ်ဖျက်၍ နိုင်ငံရေးခေါင်းဆောင်များနှင့် ရွေးကောက်ပွဲစီမံအုပ်ချုပ်သူများကို ဖမ်းဆီး၊ ပြစ်ဒဏ်ချမှတ်ကာ ၎င်းတို့၏ ဤလုပ်ဆောင်ချက်များကို တရားဝင်စေရန်အတွက်လည်း ‘သက်သေအထောက်အထား’ကို လုပ်ကြံဖန်တီးပြီး ဤဇာတ်ကြောင်းကို ချဲ့ထွင်ခဲ့သည်။

ထိုသို့ဆောင်ရွက်ချက်များအပြီး များမကြာမီ ရွေးကောက်ပွဲများကို ၂၀၂၃ခုနှစ်လောက်တွင် အသစ်ပြန်လည်ကျင်းပမည်ဟု SAC က ကြေညာခဲ့သည်။ ၎င်းသည် ဤရည်ရွယ်ချက်အထမြောက်စေရန်အလို့ငှာ ရွေးကောက်ပွဲဆိုင်ရာနှင့် နိုင်ငံရေးပါတီများဆိုင်ရာဥပဒေများအား ပြောင်းလဲရန်ဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲရလဒ်ကို စစ်တပ်အကျိုးစီးပွားအတွက်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ရွေးကောက်ပွဲစနစ်ပြောင်းလဲရန် ကြိုးပမ်းခြင်း၊ ထိုသို့ဆောင်ရွက်ရာ၌ နိုင်ငံရေးပါတီငယ်များကို ၎င်းတို့နှင့် ပူးပေါင်းရန်အတွက် အဖွဲ့ဝင်များအဖြစ် ပါဝင်စေခြင်း သို့မဟုတ် အတင်းအဓမ္မ ဖိအားပေးခြင်း၊ မဲစာရင်းအသစ်တစ်စုံ ပြင်ဆင်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိသည်။ စစ်တပ်အနေနှင့် ၎င်း၏ ရွေးကောက်ပွဲမသမာမှုဇာတ်ကြောင်းကို ဆက်လက်ဆုပ်ကိုင်ထားလိုပြီး ၎င်းတို့ အာဏာရယူစွဲကိုင်ထားမှုကို တရားဝင်စေရန် ရည်ရွယ်၍ ရွေးကောက်ပွဲများ ကျင်းပရန်အတွက် ကြိုတင်ပြင်ဆင်

မှုများကို ပြုလုပ်လျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် စစ်တပ်၏လုပ်ဆောင်ချက်များကို မည်သည့်နည်းနှင့်မျှ အသိအမှတ်မပြုရန်မှာ အရေးကြီးလှသည်။

တစ်ချိန်တည်းမှာပင် အင်အားသုံး၍ ထိန်းချုပ်ရန်ကြိုးစားနေသည့် စစ်တပ်၏ ကြိုးပမ်းမှုများကို နိုင်ငံအနှံ့ မကြုံစဖူး ခုခံတော်လှန်နေကြသည်။ အချို့က နိုင်ငံတွင်းတွင် ကျန်ရှိနေပြီး အချို့က နိုင်ငံရပ်ခြားသို့ တိမ်းရှောင်နေရသော ဒီမိုကရေစီအရေးကြိုးပမ်းသူများက အကြမ်းမဖက်အာဏာဖီဆန်ခြင်းနှင့် စစ်အုပ်ချုပ်ရေးဆန့်ကျင်ခြင်းတို့အား ပံ့ပိုးကူညီနေသည်သာမက အနာဂတ်ဖက်ဒရယ်ဒီမိုကရေစီ မြန်မာနိုင်ငံတော်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ မူဘောင်တစ်ခုကို ပြန်လည်စီစဉ်ရေးဆွဲရန် ကြိုးပမ်းနေကြသည်။ ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသော ကိုယ်စားလှယ်များနှင့် အာဏာသိမ်းမှုဖြစ်ပွားပြီးကတည်းက ဖွဲ့စည်းတည်ထောင်ခဲ့သော ကြားကာလအဖွဲ့အစည်းများသည် ၂၀၂၂ခုနှစ်၊ ဇန်နဝါရီလတွင် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် (FDC)ကို အတည်ပြုခဲ့ပြီး တိုင်းပြုပြည်ပြုလွှတ်တော်တစ်ရပ်ဖြင့် အတည်ပြုမည့် အမြဲတမ်း ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ခုကို ပြင်ဆင်သည့်အနေဖြင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်သစ်တစ်ရပ်ကို စတင်ရေးဆွဲပြင်ဆင်လျက်ရှိသည်။

ဤအခင်းအကျင်းတွင် ရွေးကောက်ပွဲဒီဇိုင်းဆိုင်ရာ မေးခွန်းများကို ဤလုပ်ငန်းစဉ်၏ အစောပိုင်းအဆင့်မှစ၍ ထည့်သွင်းစဉ်းစားသင့်သည်။ ထိုသို့ စောလျင်စွာထည့်သွင်းစဉ်းစားခြင်းအားဖြင့် စစ်တပ်၏ပြဿနာဇာတ်ကြောင်းများကို တန်ပြန်ရာတွင် အထောက်အကူဖြစ်စေနိုင်သည်။ ဤသို့ ကြိုးပမ်းအားထုတ်ရာတွင် ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများကျင်းပရေးအတွက် အခြေခံမူများနှင့် လမ်းညွှန်ချက်များအား အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေများ၌ တွေ့ရှိနိုင်သည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်အတွင်း ကာလရှည်ကြာစွာ စနစ်တကျဖြစ်ပွားနေသောပြဿနာများနှင့် ဖွဲ့စည်းပုံဆိုင်ရာပြဿနာများကို ကိုင်တွယ်ဖြေရှင်းခြင်းမှ ရရှိလာသော သင်ခန်းစာအများအပြားကို မျိုးဆက်သစ် ဥပဒေပြုသူများနှင့် ရွေးကောက်ပွဲစီမံအုပ်ချုပ်သူများက အမွေဆက်ခံကြရသဖြင့် မြန်မာနိုင်ငံ၏ ပြီးခဲ့သော ရွေးကောက်ပွဲအတွေ့အကြုံများ၌လည်း လမ်းညွှန်မှုများကို တွေ့ရှိနိုင်သည်။ မြန်မာနိုင်ငံ၏ မကြာသေးမီက ရွေးကောက်ပွဲသမိုင်းကြောင်းဆိုင်ရာ ခြုံငုံသုံးသပ်ချက်ကို တင်ပြ၍၊ SAC၏ ရွေးကောက်ပွဲဆိုင်ရာ ထုတ်ပြန်ချက်များကို ချေဖျက်လျက် ဤမူဝါဒစာတမ်းတွင် မဲပေးပိုင်ခွင့် အခွင့်အရေးများနှင့်သက်ဆိုင်သည့် ရှင်းလင်းတိကျသော မူဘောင်တစ်ရပ်နှင့် ရွေးကောက်ပွဲအငြင်းပွားမှုများ ဖြေရှင်းခြင်းတို့ အပါအဝင် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်အကျဉ်းချုပ်၊ ရွေးကောက်ပွဲစနစ် ရွေးချယ်မှု၊ ရွေးကောက်ပွဲစီမံခန့်ခွဲမှု၊ မဲဆန္ဒရှင်မှတ်ပုံတင်ခြင်း စသော ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေဒီဇိုင်းရေးဆွဲရေး လုပ်ငန်းစဉ်တွင် ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ထည့်သွင်းစဉ်းစားရမည့် အဓိကနယ်ပယ်များကို အဆိုပြုထားပါသည်။

အဆုံးသတ်တွင် ရွေးချယ်လိုက်သည့် ဖက်ဒရယ်စနစ်၏သွင်ပြင်သည် ရွေးကောက်ပွဲများကျင်းပဆောင်ရွက်မှုအပေါ် ကြီးမားသော သက်ရောက်မှုတစ်ရပ် ရှိလာမည်ဖြစ်ပြီး ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်အား ပြဋ္ဌာန်းသည့်အဆင့်နှင့် ပြဋ္ဌာန်းပုံတို့ကို ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေက ဆုံးဖြတ်လိမ့်မည်ဖြစ်သည်။ ဖက်ဒရယ်စနစ်တွင် ဗဟိုအစိုးရနှင့် ဖက်ဒရယ်ယူနစ်တို့အကြား အာဏာကို ခွဲဝေထားကာ အစိုးရအဆင့်နှစ်ဆင့်က တစ်စိတ်တစ်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ဆောင်ရွက်ကြသည်။ နှိုင်းယှဉ်လေ့လာမှုများအရ ဖက်ဒရယ်စနစ်များတွင် ရွေးကောက်ပွဲများဆိုသည်မှာ အမြဲတမ်းမဟုတ်သော်လည်း အများအားဖြင့် ထပ်တူပြုအာဏာများရှိသည့် နယ်ပယ်တစ်ခုဖြစ်လေ့ရှိပြီး နိုင်ငံတော်အဆင့် ရွေးကောက်ပွဲများကို နိုင်ငံတော်အဆင့်

ဥပဒေပြဋ္ဌာန်းချက်များက ထိန်းကျောင်းလေ့ရှိပြီး ဖက်ဒရယ်ယူနစ် ဥပဒေပြဋ္ဌာန်းချက်များက ဒေသန္တရအဆင့် ရွေးကောက်ပွဲများကို ထိန်းကျောင်းလေ့ရှိသည်။ ဗဟိုမှ အောက်အဆင့်များသို့ အာဏာခွဲဝေခြင်းအတွက် ချဉ်းကပ်နည်းအမျိုးမျိုးရှိရာ ဖက်ဒရယ်မူဘောင်သည် နိုင်ငံရေးအခွင့်အရေးများ၏ တန်းတူညီမျှမှုကို ကာကွယ်ပေးသင့်သလို ဖက်ဒရေးရှင်းအတွင်းတွင်လည်း တစ်သမတ်တည်း ဖြစ်သင့်သည်။ ရွေးကောက်ပွဲများ ကျင်းပရာတွင် ဗဟိုနှင့် ဖက်ဒရယ်ယူနစ် အဆင့်နှစ်ဆင့်စလုံး ပါဝင်နိုင်သဖြင့် ဖက်ဒရယ်ရွေးကောက်ပွဲမူဘောင်များကို လက်တွေ့ကျင့်သုံးရာတွင် ပြင်ဆင်ဆောင်ရွက်မှုများမှာ ရှုပ်ထွေးနေနိုင်သည်။ ထို့ကြောင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်တွင် လုပ်ပိုင်ခွင့်အာဏာများနှင့် ပတ်သက်၍ ရှင်းလင်းသော အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ရပ် လိုအပ်ပြီး ဘုံအဆုံးအဖြတ်ပေးသူလည်း လိုအပ်သည်။ ဤသို့ ဘုံအဆုံးအဖြတ်ပေးသူမှာ ဖက်ဒရယ်ကတိကဝတ်ကို ကာကွယ်ပေးနိုင်လောက်အောင် ခိုင်မာအားကောင်းပြီး အမှီအခိုကင်းသည့် တရားရုံးများ ဖြစ်လေ့ရှိသည်။

ရွေးကောက်ပွဲစနစ် ရွေးချယ်မှုဆိုသည်မှာ နိုင်ငံရေးပွင့်လင်းလာကတည်းကပင် မြန်မာနိုင်ငံတွင် ထပ်တလဲလဲ ဆွေးနွေးလျက်ရှိသော ခေါင်းစဉ်တစ်ခုဖြစ်သည်။ နိုင်ငံရေးနှင့် ပညာရပ်ဆိုင်ရာ သုံးသပ်ချက်များတွင် ကိုလိုနီခေတ်မှစ၍ အစဉ်အဆက်အသုံးပြုခဲ့သော မြို့နယ်များကိုအခြေခံ၍ ကိုယ်စားလှယ်တစ်ဦးတည်းသာ ရွေးကောက်တင်မြှောက်သည့် မဲဆန္ဒနယ်များကို အသုံးပြုသော လက်ရှိအများစုဖော်ဆောင်စနစ်ဖြစ်သည့် မဲအများဆုံးရသူ အနိုင်ရစနစ် (FPTP)၏ သက်ရောက်မှုများ၊ အထူးသဖြင့် နိုင်ငံရေးပါတီငယ်များနှင့် လူနည်းစုအုပ်စုများအပေါ် ထိုစနစ်၏ သက်ရောက်မှုများကို အလေးထားလေ့လာပြီး တည်ဆဲ FPTPစနစ်နှင့် အချိုးကျကိုယ်စားပြုစနစ် (PR) တစ်မျိုးမျိုးတို့အကြား ရွေးချယ်မှုကိုလည်း အဓိကထားဆွေးနွေးထားသည်။ လွှတ်တော်အတွင်း ကိုယ်စားလှယ်နေရာ၏ ၂၅ရာခိုင်နှုန်းကို စစ်တပ်အား ပေးအပ်ထားသည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခင်းအကျင်း၌ ထိုဆွေးနွေးငြင်းခုံမှုတွင် အဓိပ္ပါယ်တစ်မျိုးရှိသည်။ ထိုသို့ ပေးအပ်ထားခြင်းမှာ ဒီမိုကရေစီ အခြေခံစံနှုန်းများနှင့် အခြေခံမူများအား သိသိသာသာ ချိုးဖောက်မှုဖြစ်ပြီး မြို့နယ်များကိုအခြေခံသော မဲဆန္ဒနယ်များအကြား အလွန်အမင်း အချိုးမညီမျှမှုကြောင့် ပိုမိုဆိုးရွားသွားသည်။

ပါဝင်ဆွေးနွေးကြသည့် နိုင်ငံရေးဦးဆောင်ဦးရွက်ပြုကြသူများတွင် စနစ်တစ်ခုချင်းစီ၏ အကျိုးရှိနိုင်ခြေများနှင့်စပ်လျဉ်း၍ နားလည်သဘောပေါက်မှုများနှင့် မျှော်မှန်းချက်များ အမျိုးမျိုးရှိနိုင်သဖြင့် ရွေးကောက်ပွဲစနစ်သစ်တစ်ခု ရွေးချယ်ခြင်းမှာ ရှုပ်ထွေးနိုင်သည်။ စနစ်ပေါင်းစုံရှိပြီး ဤစနစ်အားလုံးကို ဒီမိုကရေစီအခြေခံမူများ၏ ရှုထောင့်အရ တန်းတူလက်ခံနိုင်သော်လည်း ထွက်ပေါ်လာသောရလဒ်များမှာ ကွဲပြားခြားနားလှသည်။ ရွေးကောက်ပွဲစနစ် အမျိုးမျိုးအကြောင်းနှင့် ၎င်းတို့၏ သက်ရောက်မှုများကို သိရှိထားခြင်းသည် အစောပိုင်းအဆင့် ဆွေးနွေးမှုများ၏ တစ်စိတ်တစ်ပိုင်းဖြစ်နေရမည်။ ရွေးချယ်လိုက်သောစနစ်သည် ကျယ်ကျယ်ပြန့်ပြန့် သဘောတူညီမှု ရရှိသင့်ပြီး ဆန္ဒမဲတန်ဖိုးများ တန်းတူညီမျှဖြစ်သည်ဆိုသည့် အခြေခံမူကို လိုက်နာစောင့်ထိန်းသင့်သလို FPTP စနစ်ကို ကျင့်သုံးမည်ဆိုလျှင်လည်း ပွင့်လင်းမြင်သာပြီး အားလုံးပါဝင်သော မဲဆန္ဒနယ်မြေပြောင်းလဲသတ်မှတ်မှု လုပ်ဆောင်သင့်သည်။

ရွေးကောက်ပွဲစီမံခန့်ခွဲမှုအတွက် ပြီးပြည့်စုံသော နမူနာပုံစံ သို့မဟုတ် တစ်ကမ္ဘာလုံးတွင် အသုံးပြုနိုင်သော နမူနာပုံစံဟူ၍ မရှိသော်လည်း ဖက်ဒရယ်စနစ်တစ်ရပ်တွင် ဤတာဝန်ကို မည်သို့ထမ်းဆောင်နိုင်သည် ဆိုသည့် ဖြစ်နိုင်ခြေအမျိုးမျိုး ရှိသည်။ ရွေးကောက်ပွဲဥပဒေနှင့် ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့အစည်း (EMB) တို့သည် တစ်ခုနှင့်တစ်ခု အပြန်အလှန် နီးနွယ်ဆက်စပ်နေကြသည်။ ဖက်ဒရယ်အခင်းအကျင်းများတွင် ဖက်ဒရယ်ဥပဒေနှင့်

ပြည်နယ်ဥပဒေများအကြား ရှင်းလင်းပြတ်သားစွာ ပုံဖော်ထားမှု၊ EMB ၏ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း အတိုင်းအတာ၊ ဗဟိုချုပ်ကိုင်မှုလျှော့ချထားသော EMB ဖွဲ့စည်းပုံတွင် ဥပဒေပြဋ္ဌာန်းချက်များ အကောင်အထည် ဖော်ခြင်းအား ကြီးကြပ်နိုင်စွမ်းတို့နှင့်တကွ EMBမှ နိုင်ငံတော်အဆင့်နှင့် ပြည်နယ်အဆင့် စီမံခန့်ခွဲရေးအာဏာပိုင်များထံမှ ပူးပေါင်းဆောင်ရွက်မှု လိုအပ်မှုတို့ကို အခြေခံ၍ ရွေးကောက်ပွဲစီမံအုပ်ချုပ်မှုကို ဆုံးဖြတ်ရပါလိမ့်မည်။

အနာဂတ်ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲသူများအနေနှင့် ပြည်သူများအတွက်သာမက နိုင်ငံရေးဦးဆောင်ဦးရွက်သူများအတွက်ပါ ယုံကြည်ကိုးစားဖွယ်ဖြစ်စေမည့် ရွေးကောက်ပွဲစီမံခန့်ခွဲရေး ဖွဲ့စည်းပုံတစ်ရပ်ကိုပါ ရေးဆွဲရန် မဖြစ်မနေလိုအပ်သည်။ ရွေးကောက်ပွဲစီမံခန့်ခွဲရေး၏ အမှီအခိုကင်းမှုနှင့် သမာသမတ်ကျမှုတို့မှာ နိုင်ငံ့အဖွဲ့အစည်းများနှင့် နိုင်ငံသားများအကြား ယုံကြည်ကိုးစားမှုကို တည်ဆောက်ရေးအတွက်သာမက ဖက်ဒရေးရှင်းကို ဖွဲ့စည်းသည့် ဖက်ဒရယ်ယူနစ်များအကြား စည်းလုံးညီညွတ်မှု ခိုင်မာရေးအတွက်ပါ အရေးပါလှသည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ အရည်အသွေးသည် ရွေးကောက်တင်မြှောက်ခံ ဖက်ဒရယ်အဖွဲ့အစည်းများနှင့် ဒေသန္တရအဖွဲ့အစည်းများ၏ တရားဝင်မှုအတွက်လည်းကောင်း၊ ကာလရှည်ပဋိပက္ခများကို အပြီးသတ်ဖြေရှင်းရန် အတွက်လည်းကောင်း အခရာကျလှသည်။

မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းကို ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအား အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအား မဲဆန္ဒရှင်ဖြစ်လာစေမည့် လုပ်ငန်းစဉ်ကို အဓိပ္ပာယ်ဖွင့်ဆိုခြင်းဟူသော ရှုထောင့်နှစ်ခုမှ ချဉ်းကပ်ရမည်။ မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ကို ဖက်ဒရယ်ယူနစ်များက ကြီးကြပ်ကောင်း ကြီးကြပ်နိုင်သော်လည်း မဲဆန္ဒရှင်အရည်အချင်းပြည့်မီမှု၊ အထူးသဖြင့် နိုင်ငံသားဖြစ်မှုနှင့်သက်ဆိုင်သော အရည်အချင်းပြည့်မီမှုအတွက် ဘုံစည်းမျဉ်းစည်းကမ်းများကို ဖက်ဒရယ်စနစ်အတွင်း ကျင့်သုံးရမည်။ ဥပဒေအရဖြစ်စေ၊ မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ကြောင့်ဖြစ်စေ မဲဆန္ဒရှင်အားလုံးအကျုံးဝင်မှု ကင်းမဲ့ခြင်းသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ခုကို အကြီးအကျယ်ထိခိုက်စေသည်။ ထို့ကြောင့် မည်သူက ဆန္ဒမဲပေးနိုင်သည့် အရည်အချင်းရှိသူ ဖြစ်သင့်ကြောင်း၊ မဲဆန္ဒရှင်မှတ်ပုံတင်စာရင်းကို မည်သို့ စနစ်တကျ ရေးဆွဲပြုစုသင့်သည်ဟူသော အချက်များအပေါ် ဘုံနားလည်မှုတစ်ရပ် ရရှိထားရန် လိုအပ်သည်။ ဖက်ဒရယ်စနစ်အတွင်း ဂရုပြုစဉ်းစားရမည့် အချက်နှစ်ချက်ရှိသည်။ ပထမအချက်မှာ ဖက်ဒရယ်ယူနစ်အဆင့်၌ အကောင်အထည်ဖော်ဆောင်ရွက်သောအခါ နိုင်ငံသားဖြစ်မှုနှင့်/သို့မဟုတ် သက်သေခံအထောက်အထားကဒ်ပေးအပ်ခြင်းတို့နှင့်စပ်လျဉ်း၍ ကွဲပြားသော အဓိပ္ပာယ်ဖွင့်ဆိုချက်များ သို့မဟုတ် ဆောင်ရွက်မှုများရှိလာပါက ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ခု၏ အရည်အသွေးနှင့် တရားဝင်မှုတို့အပေါ် ကြီးကြီးမားမား သက်ရောက်မှုရှိနိုင်သည်။ အလားတူပင် မဲဆန္ဒရှင် မှတ်ပုံတင်ရာ၌ ဒေသန္တရအာဏာပိုင်များထံမှ ပါဝင်ဆောင်ရွက်မှု ပုံစံတစ်မျိုးမျိုးကို လိုအပ်လေ့ရှိသည်။ အနာဂတ် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေအား မူကြမ်းရေးဆွဲပြုစုသူများသည် ဤကဏ္ဍများကိုလည်းကောင်း၊ အာဏာများခွဲဝေမှုဆိုင်ရာ သဘောတူညီချက်များ ပြုလုပ်ရသောအခါတွင် အာဏာခွဲဝေမှုကြောင့် ရွေးကောက်ပွဲများ ကျင်းပမှုအပေါ် သက်ရောက်နိုင်ခြေကိုလည်းကောင်း ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

အလုပ်ဖြစ်သော ရွေးကောက်ပွဲအငြင်းပွားမှုဖြေရှင်းရေး (EDR) စနစ်တစ်ရပ် ကင်းမဲ့နေခြင်းမှာ ၂၀ဝ၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အားနည်းချက်များထဲမှတစ်ခုဖြစ်ပြီး အနာဂတ်တွင် မည်သည့်အဖွဲ့အစည်းဆိုင်ရာ မူဘောင်ကို ရွေးချယ်စေကာမူ ထိုပြဿနာအား ဖြေရှင်းသင့်သည်။ EDRပုံစံများသည် နိုင်ငံတစ်နိုင်ငံရှိ အဖွဲ့အစည်းဆိုင်ရာ ဖွဲ့စည်းပုံအပေါ်၊ အထူးသဖြင့် တရားစီရင်ရေး ဖွဲ့စည်းပုံနှင့် EMB ဖွဲ့စည်းပုံတို့အပေါ်

မှုတည်လေ့ရှိသည်။ နိုင်ငံတကာ၌ EDR ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် ပုံမှန်တရားရုံးများ၊ အထူး/ရွေးကောက်ပွဲတရားရုံးများ၊ ရွေးကောက်ပွဲကော်မရှင်များနှင့် တရားရုံးများ၊ သီးခြားဖွဲ့စည်းထားသော ကော်မတီများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများကဖြစ်စေ၊ အဖွဲ့အစည်း အမျိုးမျိုး ပေါင်းစည်း၍ဖြစ်စေ ကိုင်တွယ်ဖြေရှင်းလေ့ရှိကြသည်။ ဖက်ဒရယ်အခင်းအကျင်းတစ်ရပ်တွင် အဓိကအားဖြင့် ထိရောက်စွာ လုပ်ငန်း ဆောင်ရွက်နိုင်သော၊ အရည်အချင်းရှိသော၊ အမှီအခိုကင်းသော တရားစီရင်ရေးဖြစ်သည့် EDR စနစ်ဆိုသည်မှာ နိုင်ငံသားအခွင့်အရေးများကို ကာကွယ်ရုံမျှသာမက ဖက်ဒရေးရှင်း တည်တံ့ခိုင်မြဲမှုကိုပါ ကာကွယ်ပေးသည့် အခန်းကဏ္ဍကိုလည်း ဆောင်ရွက်ရသည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်အတွင်း ဖက်ဒရယ်စည်းလုံးမှုကိုပါ ထိခိုက်လာနိုင်သည့် အခြေအနေမျိုးတွင် EDR စနစ်သည် ဖက်ဒရယ်ပြည်ထောင်စုမပြိုကွဲရေးကို ထိန်းသိမ်းနိုင်သည့် နည်းလမ်းတစ်မျိုးပင်ဖြစ်သည်။

ဤမူဝါဒစာတမ်းကို ဖက်ဒရယ်မူဘောင်တစ်ရပ်အတွင်းရှိ ရွေးကောက်ပွဲဒီဇိုင်းအတွက် ရွေးချယ်စရာများ နှင့်စပ်လျဉ်း၍ ဒီမိုကရေစီ ဦးဆောင်ဦးရွက်သူများအကြား ဆွေးနွေးမှုများကို အထောက်အပံ့ပေးရန်အတွက် အရင်းခံရည်ရွယ်ပါသည်။ ဤစာတမ်းသည် စစ်တပ်၏ နည်းဗျူဟာများတွင်သော်လည်းကောင်း၊ ဒီမိုကရေစီ အင်အားစုများက ရွေးချယ်ထားသည့် အနာဂတ်ဖက်ဒရယ်လမ်းကြောင်းတွင်သော်လည်းကောင်း ရွေးကောက်ပွဲ များ၏ အခရာကျမှုကို နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် သိရှိနားလည်လာစေရေး အထောက်အကူပြုစေ ရန်လည်း ရည်ရွယ်သည်။ International IDEA သည် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ်များ၊ နိုင်ငံရေးဆိုင်ရာ ပါဝင်ဆောင်ရွက်မှုနှင့် နိုင်ငံရေးကိုယ်စားပြုမှုဟူသော အဓိက အကြောင်းအရာသုံးခုကို ဆောင်ရွက်ပြီး မြန်မာ့အရေးဆောင်ရွက်သူများကို အဆိုပါနယ်ပယ်အားလုံး၌ အထောက်အကူပြုရန်အလို့ငှာ ဤစာတမ်းကို ပြုစုရေးသားထားပါသည်။

## အကြံပြုချက်များ

မြန်မာနိုင်ငံ၏ အတိတ်အတွေ့အကြုံနှင့် ကာလရှည်ကြာ တည်ရှိခဲ့ပြီးဖြစ်သော ဒီမိုကရေစီရွေးကောက်ပွဲ များ၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားပြီး နိုင်ငံရေးဦးဆောင်ဦးရွက်သူများအကြား ဖက်ဒရယ်မူဘောင်သစ် ဆိုင်ရာ ဆွေးနွေးမှုများအတွက် အောက်ပါအထွေထွေအကြံပြုချက်များကို ပံ့ပိုးပေးထားပါသည် -

### *ဥပဒေမူဘောင်*

ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်ကို ပြန်လည်ပြင်ဆင်ရေးဆွဲရာတွင် အခြားအချက်အများအပါအဝင် လူ့အခွင့်အရေးကာကွယ်မှုဆိုင်ရာ တရားရေးယန္တရားများ၊ တရားဥပဒေစိုးမိုးရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးများ ကာကွယ်ရေးတို့ကို ခိုင်မာအားကောင်းစေရန်အလို့ငှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြဋ္ဌာန်းထားသော ဥပဒေများကြောင့် ဖြစ်ပေါ်လာသော အားနည်းချက်များ ဖြေရှင်း ရာတွင် လွှတ်တော်နှင့် အစိုးရအဖွဲ့အတွင်း စစ်တပ်ပါဝင်မှုကို မေးခွန်းထုတ်ရုံမျှသာမကဘဲ ကျော်လွန်ဖြေရှင်း သင့်သည်။

အနာဂတ်ဖက်ဒရယ်မူဘောင်တစ်ရပ်၏ အခင်းအကျင်းတွင် ပြည်ထောင်စုနယ်နိမိတ်တစ်လွှား၌ ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးများကို အကောင်အထည်ဖော်ရာနှင့် ကာကွယ်ရာတို့တွင် တန်းတူညီမျှမှုရှိခြင်း၊ တစ်သမတ်တည်းဖြစ်ခြင်းတို့မှာ မရှိမဖြစ် အရေးပါသကဲ့သို့ပင် ဥပဒေမူဘောင်သည်လည်း ရှင်းလင်း၊ တည်ငြိမ်ကာ

တွက်ဆ၍ရနိုင်ရပါမည်။ မည်သည့်အဆင့်၌ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်၏ အခြေခံသဘောတရား အမျိုးမျိုးကို ခွင့်ပြုထားသင့်ကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသင့်ပြီး ထိုကိစ္စနှင့်စပ်လျဉ်း၍ ပြီးပြည့်စုံစွာ ဖော်ပြထားသင့်သည်။

### *ရွေးကောက်ပွဲစနစ်*

FPTP စနစ်ကို ဆက်လက်ကျင့်သုံးပါက နိုင်ငံရေးဦးဆောင်ဦးရွက်သူများသည် မဲဆန္ဒနယ်မြေများသည် မဲတန်ဖိုးများ တန်းတူညီမျှရှိမှုဆိုင်ရာ အခြေခံမူများနှင့် ကိုက်ညီခြင်း ရှိမရှိ ပြန်လည်သုံးသပ်သင့်သည်။ ထိုသို့ ဆောင်ရွက်ပါက မဲဆန္ဒနယ်မြေကို ပြောင်းလဲသတ်မှတ်ရာတွင် တင်းကျပ်သော စံနှုန်းများနှင့် ရှင်းလင်းသော လုပ်ထုံးလုပ်နည်းများအတိုင်း ပြောင်းလဲသတ်မှတ်ရန် လိုအပ်ပေလိမ့်မည်။

ရွေးကောက်ပွဲစနစ်သစ်တစ်ခုကို စဉ်းစားဆုံးဖြတ်ရာတွင် ထိုရွေးကောက်ပွဲစနစ်သစ်သည် အရွယ်ရောက်ပြီးသူတိုင်း မဲပေးပိုင်ခွင့်နှင့် အားလုံးမဲပေးပိုင်ခွင့်တို့ကို လေးစားလိုက်နာသင့်သလို ပွင့်လင်းမြင်သာပြီး ဆွေးနွေးတိုင်ပင်မှု ပါဝင်သော လုပ်ငန်းစဉ်ဖြင့်သာ အတည်ပြုချမှတ်ကျင့်သုံးသင့်ပြီး အမျိုးသမီးများ ကိုယ်စားပြုပါဝင်မှုကို တိုးမြှင့်နိုင်စေရန်လည်း ရည်ရွယ်သင့်သည်။

### *ရွေးကောက်ပွဲ စီမံခန့်ခွဲမှု*

ဖက်ဒရယ်စနစ်တစ်ရပ်အတွက် ရွေးကောက်ပွဲဆိုင်ရာ စီမံအုပ်ချုပ်မှုကို ပုံဖော်ရာတွင် အနာဂတ် EMB၏ အမှီအခိုကင်းမှု၊ ပြည်ထောင်စုနယ်နိမိတ်တစ်လွှားရှိ ၎င်း၏ တရားဝင်မှုနှင့် လုပ်ပိုင်ခွင့်အာဏာ၊ ၎င်း၏ ပွင့်လင်းမြင်သာမှု၊ အားလုံးအကျုံးဝင်သော လုပ်ငန်းဆောင်ရွက်မှုတို့ကို အာမခံနိုင်မည့် ယန္တရားများကို လက်ခံကျင့်သုံးသင့်သည်။

EMB အရာရှိများနှင့် အခြားအာဏာပိုင်အဖွဲ့များထံမှ ကိုယ်စားလှယ်များအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုအကြောင်းကို ရွေးကောက်ပွဲဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်ထဲတွင် အလွန်ရှင်းလင်းပြတ်သားစွာ သတ်မှတ်ရေးဆွဲရန် လိုအပ်သည်။

### *မဲဆန္ဒရှင်မှတ်ပုံတင်ခြင်း*

မြန်မာနိုင်ငံရှိ မဲဆန္ဒရှင်မှတ်ပုံတင်ခြင်း၏ လုပ်ငန်းစဉ်ဆိုင်ရာ အားနည်းချက်ကို ဖြေရှင်းရာတွင် မဲဆန္ဒရှင်မှတ်ပုံတင်ခြင်းတွင် မည်သည့်ချဉ်းကပ်မှုကို ရွေးချယ်သည်ဖြစ်စေ လူဦးရေမှတ်ပုံတင်စာရင်းများ၊ သက်သေခံအထောက်အထားကဒ်များ ထုတ်ပေးမှုတို့ ပိုမိုတိုးတက်ကောင်းမွန်လာစေမည့် အားသွန်ခွန်စိုက် ကြိုးပမ်းအားထုတ်မှုများ ပါဝင်သင့်သည်။ အမြဲတမ်းသဘောဆောင်သော၊ ဗဟိုမှ ထိန်းချုပ်နိုင်သော၊ ပုံမှန်မွမ်းမံပြင်ဆင်နိုင်သော ကွန်ပျူတာစနစ်သုံး မဲဆန္ဒရှင် မှတ်ပုံတင်စာရင်းကို တည်ဆောက်အသုံးပြုခြင်းဖြင့် ရေရှည်အရည်အသွေး ပြည့်မီသည့် မဲဆန္ဒရှင်စာရင်းများ ဖြစ်ပေါ်လာနိုင်သည်။

ဖက်ဒရယ်မူဘောင်တစ်ရပ်တွင် ဗဟိုနှင့် ဖက်ဒရယ်ယူနစ်များအကြား လုပ်ငန်းများနှင့် တာဝန်ယူမှုများကို ရှင်းလင်းပြတ်သားစွာ ခွဲဝေခြင်းမှာ မရှိမဖြစ် အရေးပါလှသည်။ ဖက်ဒရယ်ယူနစ်များက မဲဆန္ဒရှင်စာရင်းများကို ရေးဆွဲပြုစုရန် တာဝန်ယူကောင်းယူရမည်ဖြစ်ပြီး နိုင်ငံသားဖြစ်မှု၊ မဲဆန္ဒရှင်အရည်အချင်း ပြည့်မီမှု၊

မဲဆန္ဒရှင်မှတ်ပုံတင်နည်းလမ်းများဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုသတ်မှတ်ချက်နှင့် စပ်လျဉ်းသည့် အခြေခံမှုသည် ပြည်ထောင်စုနယ်နိမိတ်တစ်ခုလုံး၌ တစ်သမတ်တည်း ဖြစ်စေရမည်။

***ရွေးကောက်ပွဲအငြင်းပွားမှုများ ဖြေရှင်းခြင်း***

အဖွဲ့အစည်းဆိုင်ရာမူဘောင်သစ်တစ်ရပ်ကို ပြုစုရေးဆွဲသောအခါ၌ ရွေးကောက်ပွဲစီမံအုပ်ချုပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်များအပေါ် တရားရေးပြန်လည်သုံးသပ်ချက်၊ ကန့်ကွက်လွှာများ စစ်ဆေးစီရင်ဆုံးဖြတ်ရန်အတွက် ရှင်းလင်းသော အချိန်ကာလ သတ်မှတ်ချက်တစ်ရပ်၊ ပွင့်လင်းမြင်သာမှုနှင့် အမှီအခိုကင်းမှုအပေါ် အာမခံနိုင်မှုတို့ ပံ့ပိုးပေးခြင်းအပါအဝင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမူဘောင်ကြောင့် ဖြစ်ပေါ်ခဲ့သော ပြဿနာများအား ကိုင်တွယ်ဖြေရှင်းရေးကိုလည်း အလေးပေးအာရုံစိုက်သင့်သည်။

ဖက်ဒရယ်စနစ်တစ်ခုတွင် EDR ယန္တရားသည် အထူးသဖြင့် ကျစ်လစ်ခိုင်မာရမည်ဖြစ်သလို ဖက်ဒရေးရှင်းတွင် ပါဝင်သည့် ပြည်နယ်/ယူနစ်အားလုံး၏ ယုံကြည်မှုကိုလည်း ရရှိရမည်ဖြစ်သည်။

© ၂၀၂၂ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း

International IDEA
စတွန်းစ်ဘောဂ်
SE–၁၀၃ ၃၄၊ စတော့ဟုမ်းမြို့
ဆွီဒင်နိုင်ငံ

ဖုန်းနံပါတ်- +၄၆ ၈ ၆၉၈ ၃၇ ၀၀
ဝဘ်ဆိုဒ်- <https://www.idea.int>